Assistance Association for Political Prisoners
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

## မြန်မာနိုင်ငံသည် အခြေခံအားဖြင့် စိတ်ဒဏ်ရာဖြစ်နေသော လူမှု အသိုင်းအဝန်းတစ်ခု ဖြစ်သည်

အာဏာသိမ်းခံရပြီးသည့်နောက် မြန်မာပြည်သူတစ်ဦးချင်းစီသည် စိတ်ပိုင်းဆိုင်ရာ ပြဿနာတစ်ခုမဟုတ် တစ်ခု ခံစားနေရလျက်ရှိသည်။မြန်မာနိုင်ငံသည် မျိုးရိုးစဉ်ဆက်အလိုက် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များ ခံခဲ့ရပြီးနောက် အနာဂတ်ပျောက်ဆုံးပြီး မျှော်လင့်ချက်များ ဆုံးရှုံးလျက်ရှိသည်။စိတ်ကျန်းမာရေးပေါ်လစီနှင့်ပတ်သတ်၍လည်း အမျိုးသားညီညွတ်ရေး အစိုးရအပေါ် မျှော်လင့်ချက် မြင့်မားစွာ ထားလျက်ရှိကြသည်။နိုင်ငံအနှံ့အပြားတိုက်ခိုက်မှုများ၊ ဖမ်းဆီးခံထားရသောနေရာများတွင် ညှဉ်းပန်း နှိပ်စက်မှုများ ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ ပိုင်ဆိုင်သည့်ပစ္စည်းများ မတရားသိမ်းဆည်းခံရမှု၊ ဖျက်ဆီးခံရမှုများ နှင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုများ၏ နောက်ဆက်တွဲများ သည် မြန်မာပြည်သူလူထု၏ စိတ်ကျန်းမာရေးကို ရေရှည် ထိခိုက် သက်ရောက်မှုရှိစေသည်။

အစိုးရလုပ်ငန်းများနှင့်လူမှုဝန်ဆောင်မှုလုပ်ငန်းများပျက်စီးခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၏ဆိုးရွားသော နောက်ဆက်တွဲများကလည်း စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုကို ဖြစ်စေပါသည်။မိမိကိုယ်ကိုခုခံကာကွယ်မှု အဖြစ် ဖြစ်ခဲ့လျှင်တောင် အကြမ်းဖက်မှုတစ်ခုကိုလုပ်မိပြီဆိုပါက လူတစ်ဦးချင်းစီ၏စိတ်ကျန်းမာရေးသည် အနည်းအများ ထိခိုက်မှုရှိတတ်စမြဲဖြစ်သည်။ ဥပမာ- စစ်အာဏာရှင်များက မိမိ၏အိမ်နီးချင်းကို လူမြင်ကွင်းတွင် ရိုက်နှက်ဖမ်းခေါ်သွားသည်ကိုမြင်ရခြင်းကဲ့သို့သော ဖြစ်ရပ်မျိုးသည် လူထုကြား ကြောက်စိတ်နှင့် မလုံခြုံစိတ်ကို ဖြစ်စေပါသည်။

ထိုစိတ်များသည် မထိန်းချုပ်နိုင်သောဒေါသများ နှင့် စိတ်မရှည်မှုများအဖြစ် အသွင်ပြောင်း သွားပြီးနောက် ထိုမှတဆင့် ကိုယ်နှုတ်အကြမ်းဖက်ခြင်း ၊ တသီးတခြားနေခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် အဆက်အသွယ်ဖြတ်တောက်ခြင်း နှင့် စိတ်ဓာတ်ကျခြင်းတို့ ကို ဖြစ်စေနိုင်သည်။အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှု သမိုင်းကို ခံစားခဲ့ရသော လူကြီးသူမများသည် ထိခိုက် နာကျင်မှုဖြစ်ရပ်များ တခုမဟုတ်တခုကို အတိတ်ကာလအချိန်တွင် ကြုံတွေ့ခဲ့ဖူးလေ သည်။ ထိုသို့ဖြစ်ရပ်များပေါင်းစည်းလာခြင်းသည် မြန်မာနိုင်ငံရှိလူကြီးများ၏ အခြေ အနေ ကို ပိုမိုဆိုးရွားစေပါသည်။

ယခင်စိတ်ဒဏ်ရာအတွေ့အကြုံများနှင့် ၎င်း၏ အကျိုးဆက်များသည် မြန်မာပြည်သူလူထုအတွက် ဒုက္ခဖြစ်စေပြီး မည်သို့ဆက်ဖြစ်လာမည်ကိုပါ ထင်ဟပ်စေသည်။ အနှစ်ချုပ်အားဖြင့် စစ်အာဏာရှင်တို့၏ အနိုင်းမဲ့ အကြမ်းဖက်မှုများနှင့် COVID-19 အကြပ်အတည်း၏ အကျိုးသက်ရောက်မှုများကြောင့် တိုးပွားလာသော စိတ်ဒဏ်ရာတို့ ပေါင်းစပ်လိုက်သည့်အခါ မြန်မာနိုင်ငံ၏ အနာဂတ် စိတ်ကျန်းမာရေးအတွက် အလွန်ဆိုးရွားသော ဖြစ်ရပ်များဖြစ်လာစေသည်။

Assistance Association for Political Prisoners

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

AAPP

**အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတကာအလှူရှင်များနှင့် နိုင်ငံတကာ အစိုးရများထံမှ အောက်ပါအချက်များကိုပြုလုပ်ပေးနိုင်ပါရန် အလေးအနက်တောင်းဆိုတိုက်တွန်းအပ်ပါသည်။**

- စိတ်ကျန်းမာရေး ဝန်ဆောင်မှုများအား ပိုမို ဆောင်ရွက်ပေးရန် ( အထူးသဖြင့်ကျေးလက်ဒေသများတွင် ပိုမိုဆောင်ရွက်ပေးရန် ၊ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းကို အဆင့်မြင့်တင်ရန် )

- အလုံးစုံလွှမ်းခြုံ စိတ်ကျန်းမာရေး မူဝါဒ အောက်တွင် စိတ်ကျန်းမာရေးလုပ်ငန်းများ တည်ဆောက်ရန်

- စိတ်ကျန်းမာရေးနှင့်ပတ်သတ်၍ လူထု၏အထင်လွဲနေသော ပုံရိပ်ဆိုးအမျိုးမျိုး နှင့် လူထု၏ အထင်အမြင်လွဲမှားနေမှုများကို တောရောမြို့ပြမကျန် နိုင်ငံအနှံ့ တိုက်ထုတ်ရန်